KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

ဧပြီလ ၄ရက်၊ ၂၀၂၃ခုနှစ် / KHRG စာအမှတ် – 22–244–347–D1

---

# ဒူးပလာယာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို – နို့တကောမြို့နယ်တွင် လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုနှင့် မြေမြှုပ်မိုင်းပေါက်ကွဲမှု (၂၀၂၂ ခုနှစ်၊ ဇွန်လမှ စက်တင်ဘာလအထိ)

---

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၂ခုနှစ်၊ ဇွန်လမှ စက်တင်ဘာလအထိ ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး)မြို့နယ်တွင် ဖြစ်ပွားခဲ့သည့်လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုနှင့် မြေမြှုပ်မိုင်းပေါက်ကွဲမှုအကြောင်း အရာများကို ဖော်ပြထားသည်။ ၂၀၂၂ခုနှစ်၊ ဇွန်လ ၁၆ရက်နေ့၌ ဆိပ်ကြီးမြို့တွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်ဖွဲ့ (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်းတပ်ဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများကို ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ဇွန်လ ၁၆ရက်နေ့နှင့် ၁၈ရက်နေ့ကြားတွင် SAC စစ်သားများသည် နို့တကောမြို့နယ်၊ ကြက်ခတ်ချောင်းကျေးရွာအုပ်စု၊ မ–––ကျေးရွာသို့ လက်နက်ကြီးများရမ်းသန်း၍ ပြန်လည်ပစ်ခတ်ခဲ့သည်။ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၇ရက်နေ့တွင် ရွာသားများပိုင်ဆိုင်သည့်နွားတစ်အုပ်သည် နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ တ–––ကျေးရွာရှိ ခြေလျင်တပ်ရင်း (ခလရ)အမှတ် (၂၈၃) တပ်စခန်းအနီး နားတွင် SAC စစ်သားများ ထောင်ထားသည့်မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိ၍ ပေါက်ကွဲခဲ့သည်။* [1]

---

## လက်နက်ကြီးရမ်းသန်းပစ်ခတ်မှု

၂၀၂၂ခုနှစ်၊ ဇွန်လ ၁၆ရက်နေ့ ညနေ (၆)နာရီခန့်တွင် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ဆိပ်ကြီးမြို့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်း တပ်ဖွဲ့များ သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၄၃၂)မှ SAC စစ်သားများကို ဒရုန်းကိုအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုအတွက်ကြောင့် SAC စစ်သားများသည် နို့တကောမြို့နယ်၊ ကြက်ခတ်

---

[1] ဤအစီရင်ခံစာသည် ၂၀၂၂ခုနှစ်၊ ဇွန်လနှင့်စက်တင်ဘာလအတွင်း ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

ချောင်းကျေးရွာအုပ်စု၊ မ---ကျေးရွာတွင်းသို့ လက်နက်ကြီး ၈၁ မမဖြင့် သုံးရက်ဆက်တိုက် ရမ်းသန်းပစ်ခတ်ခဲ့သည်။ (SAC စစ်သားများသည် ထိုရွာတွင် ဒရုန်းများရှိသည်အထင်ဖြင့် လက်နက်ကြီးများပစ်ခတ်နိုင်ဖွယ်ရှိသည်။) ၂၀၂၂ခုနှစ်၊ ဇွန်လ ၁၆ရက်နေ့ ညနေ (၆)နာရီဝန်းကျင်မှစ၍ နောက်တစ်နေ့ မနက် (၁)နာရီအထိ လက်နက်ကြီးများ အဆက်မပြတ် ပစ်ခတ်ခဲ့သည်။ တဖန် ၂၀၂၂ခုနှစ်၊ ဇွန်လ ၁၇ရက်နေ့ ညနေ (၆)နာရီမှစ၍ ည (၁၁)နာရီအထိ လက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ်ခဲ့သည်။ ၂၀၂၂ခုနှစ်၊ ဇွန်လ ၁၈ရက်နေ့ ည (၈)နာရီမှစ၍ နောက်တစ်နေ့ မနက် (၁)နာရီအထိ လက်နက်ကြီးများ ပစ်ခတ်ခဲ့ပြန်သည်။ ကျေးရွာတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သော်လည်း ရွာသားများ၏ နေအိမ်များအား ထိခိုက်ပျက်စီးခြင်းမရှိခဲ့ပေ။ (ရွာသားများသည် ရွာမှ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုလုပ်ခဲ့ပေ။ သို့သော် ၎င်းတို့နေအိမ်အောက်တွင် တူးထားသည့်ဗုံးခိုကျင်းများထဲတွင် ဝင်ရောက်ပုန်းရှောင်နေခြင်းဖြစ်သည်။













အထက်ပုံများကို ၂၀၂၂ခုနှစ်၊ ဇွန်လ ၂၉ရက်နေ့ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ကြက်ခတ်ချောင်း ကျေးရွာအုပ်စု၊ မ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ လက်ဝဲမှပုံနှစ်ပုံတွင် ကျေးရွာအနီးတွင်ကျရောက်ပေါက်ကွဲ၍ တွေ့ရှိခဲ့သော လက်နက်ကြီး၏အမြီးပိုင်းဖြစ်သည်။ လက်ယာမှ ပုံနှစ်ပုံတွင် လက်နက်ကြီးကျသည့်နေရာကို ဖော်ပြထားခြင်းဖြစ်သည်။ *(ဓာတ်ပုံ- KHRG)*

## မြေမြှုပ်မိုင်းပေါက်ကွဲမှု

၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၇ရက်နေ့ မနက်ပိုင်း (၁၁)နာရီခန့်တွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကကော ကျေးရွာအုပ်စု၊ တ---ကျေးရွာမှ ဦးစ---ပိုင်ဆိုင်သည့်နွားတစ်အုပ်သည် ကျေးရွာရှိ ခလရ (၂၈၃) တပ်စခန်းအနီး နားတွင် မြက်ရှာစားနေစဉ် SAC စစ်သားများထောင်ထားသော မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိ၍ ပေါက်ကွဲခဲ့သည်။ (ထိုမြေမြှုပ်မိုင်းကို SAC စစ်သားများမှ ထောင်ထားခဲ့ကြောင်း ဒေသခံရွာသားများ သိရှိရသည်။ အကြောင်းမှာ SAC စစ်သားများသည် ၎င်းတို့ထောင်ထားခဲ့ကြောင်း ရွာသားများအား ပြောပြခဲ့ဖူးခြင်းဖြစ်သည်။) မြေမြှုပ်မိုင်းပေါက်ကွဲမှု ကြောင့် နွားတစ်ကောင်သေဆုံးခဲ့ပြီး အခြားနှစ်ကောင်ကိုလည်း ထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ ထိုဒဏ်ရာရရှိခဲ့သော နွားနှစ်ကောင်ကို ၎င်းတို့ပိုင်ရှင်က သတ်ပြီးရောင်းစားခဲ့ရသည်

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့ တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်း ပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံ ရွာသားများမှ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသား ထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ ဝဘ်ဆိုက်